Permanent Mission of the Republic of the Union of Myanmar to the
United Nations Office and other International Organizations
47 Avenue Blanc, 1202 Geneva, Switzerland
Tel. (+41-22) 906-9870, 906-9871/ Fax. (+41-22) 732-8919
Email: mission@myanmargeneva.org

**ဆွစ်ဇာလန်နိုင်ငံတွင် အလုပ်လုပ်ကိုင်လျက် ရှိကြသည့် မြန်မာနိုင်ငံသားများ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်ရာတွင် ထောက်ခံစာ ထုတ်ပေးလျက်ရှိကြောင်း အသိပေးကြေညာခြင်း**

(၁၂-၅-၂၀၂၆၊ ဂျီနီဗာမြို့)

၁။ ပြည်ပ၌ အလုပ်လုပ်ကိုင်နေကြသည့် ခွင့်ပြန် မြန်မာနိုင်ငံသားများ၏ OWIC ကိစ္စရပ်များ ဆောင်ရွက်ရာ၌ လုပ်ငန်းစဉ် ပိုမိုမြန်ဆန်စေရန်အတွက် မြန်မာနိုင်ငံသို့ ခွင့်ပြန်ခြင်းမပြုမီ ခွင့်ပြန် မြန်မာနိုင်ငံသားများ၏ အလုပ်လုပ်ကိုင်မှု၊ ခွင့်ဖြင့် အမှန်တကယ် ပြန်လည်ဝင်ရောက်မှု စသည့် လုပ်ငန်းခွင်ဆိုင်ရာ အချက်အလက်များနှင့် ကုမ္ပဏီ/ အလုပ်ရှင်ထံမှ ခွင့်စာတို့ကို စိစစ်လျက် ထောက်ခံစာများကို ၁-၅-၂၀၂၆ ရက်မှ စတင်၍ မြန်မာသံရုံး/ အဖွဲ့ရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများက ထုတ်ပေးလျက် ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အလုပ်သမားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်အညီ ဆွစ်ဇာလန်နိုင်ငံတွင် ရောက်ရှိ အလုပ်လုပ်ကိုင်လျက်ရှိသည့် PJ အမျိုးအစား မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ ခွင့်ပြန်ခြင်းမပြုမီ အောက်ဖော်ပြပါ စာရွက်စာတမ်း များကို တင်ပြလျက် မြန်မာအဖွဲ့ရုံး/သံရုံး၊ ဂျီနီဗာမြို့၌ ထောက်ခံစာ လာရောက် လျှောက်ထားနိုင် ပါကြောင်း ကြေညာအပ်ပါသည်–

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) မြန်မာနိုင်ငံကူးလက်မှတ် (မိတ္တူ)

(ဂ) သက်တမ်းရှိ OWIC ကတ် ရှေ့/နောက် (မိတ္တူ)

(ဃ) နေထိုင်ခွင့်ကတ် သို့မဟုတ် အလုပ်လုပ်ကိုင်ခွင့်ကတ် သို့မဟုတ် ဗီဇာ (မိတ္တူ)

(င) ကုမ္ပဏီ/ ဌာန/ အလုပ်ရှင်၏ ခွင့်ပြုစာ

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)

(ဆ) ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် ဆက်သွယ်နိုင်မည့် အချက်အလက်များ

(ဇ) လေယာဉ်လက်မှတ် (မိတ္တူ)

၃။ ထောက်ခံစာ လျှောက်ထားသူများသည် အထက်ဖော်ပြပါ စာရွက်စာတမ်း အပြည့်အစုံဖြင့် အောက်ဖော်ပြပါ သံရုံးလိပ်စာနှင့် အီးမေးလ်လိပ်စာများထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ လျှောက်ထားနိုင်ပါကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

လိပ်စာ၊ 47 Avenue Blanc, 1202 Geneva, Switzerland

အီးမေးလ်၊ cg.consular@myanmargeneva.org

ဖုန်းနံပါတ်၊ (+41-22) 9069870 / 9069871

၄။ ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကို အလုပ်သမား ဝန်ကြီးဌာန၏ Website ဖြစ်သော www.mol.gov.mm ၊ လူမှုကွန်ယက်စာမျက်နှာများ ဖြစ်သော Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး / မြန်မာသံရုံး၊ ဂျီနီဗာမြို့

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်

PERMANENT MISSION OF THE REPUBLIC OF THE UNION OF MYANMAR
064
GENEVA